# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ (၂၆. ၂. ၂၀၁၆) ရက်နေ့တွင် ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက် တင်သွင်းသည့် အရေးကြီးအဆိုဆိုင်ရာဆောင်ရွက်ချက်များ

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၂)ဖြစ်ပါတယ်။အစီအစဉ်အရ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင်၊ကျောက်မဲမြို့နယ်အတွင်းရှိ စစ်ဘေးရှောင်ဒုက္ခသည်များအတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁)ဦးချင်းစီ၏ နေ့တွက်စရိတ်(၁) ရက်စာကို ဝိုင်းဝန်းလှူဒါန်းပေးနိုင် ပါရန် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား တိုက်တွန်းကြောင်း အရေးကြီးအဆိုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁)ဦးမှ အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးသန်းထိုက်၊ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့်ပြည့်စုံပါစေကြောင်း ရှေးဦးစွာဂါရဝပြုအပ်ပါတယ်။ကျွန်တော်ကတော့ ကလောမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်ဖြစ် ပါတယ်။

ယနေ့ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော်ပထမပုံမှန်အစည်းအဝေး (တတိယနေ့)တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင်၊ကျောက်မဲမြို့နယ်အတွင်းရှိ စစ်ဘေးရှောင်ဒုက္ခသည်များအတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁)ဦးချင်းစီ၏ နေ့တွက်စရိတ် (၁)ရက်စာကို ဝိုင်းဝန်းလှူဒါန်းပေးနိုင် ပါရန် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား တိုက်တွန်းကြောင်း အရေးကြီးအဆိုတင်သွင်းလိုပါတယ်။ အရေးကြီးအဆိုတင်သွင်းရခြင်းအကြောင်းရင်းမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင်၊ ကျောက်မဲမြို့နယ်အတွင်းရှိ စစ်ဘေးရှောင်ဒုက္ခ သည်များမှာ အောက်ပါစခန်း ၁၉ ခုတို့၌ ၁၉-၂-၂၀၁၆ ရက်နေ့ထိ ကျား ၁၅၇၉ ဦး၊ မ ၂၃၉၃ ဦး ၊စုစုပေါင်း ၃၉၇၂ ဦးတို့ရှိနေပါသည်။၎င်းစခန်း ၁၉ ခုတို့မှာ (၁)သီဟိုဠ်ကျောင်း၊ (၂)ဘိုးဘွားရိပ်သာ ကျောင်း၊ (၃)နမ့်စစ်လင်းကျောင်း၊ (၄)ရေဦးကျောင်း၊ (၅)နမ့်ပိန် ဘုန်းကြီးကျောင်း၊ (၆)တောင်နောက်စခန်း၊ (၇) အောင်ဆုပန် ကျောင်း၊ (၈)ဝါဆိုကျောင်း၊ (၉)ရွှေကျင်ကျောင်း၊ (၁၀)ဝေဠုဝန်ကျောင်း၊ (၁၁) ရွှေညောင်ပင် ကျောင်း၊ (၁၂)ကန်မိုင်း ကျောင်း၊ (၁၃)အောင်မင်္ဂလာကျောင်း၊ (၁၄)မန်စန်းဇရပ်ကျောင်း၊ (၁၅)ကမ္ဘောဇရှမ်းကျောင်း၊ (၁၆) သာသနောဒရကျောင်း၊ (၁၇)တိလင်ကျောင်း၊(၁၈)သဒ္ဓမ္မကျောင်း၊ (၁၉)စိတ္တသုခကျောင်း တို့ဖြစ်ပါတယ်။

၎င်းစစ်ဘေးရှောင်စခန်းတို့တွင် ၁၀ တန်းကျောင်းသား ၆၀ ဦးနှင့် ၆ တန်း၊ ၄ တန်း၊ ကျောင်းသား/ ကျောင်းသူအပါအဝင် ကျောင်းသားဦးရေ ၁၀၀ ခန့်ရောက်ရှိ ခိုလှုံနေခဲ့ကြပါသည်။

ထို့အပြင် ကျောက်မဲမြို့နယ်၊ မိုင်းကုန်းကျေးရွာမှ စစ်ဘေးရှောင် ဒုက္ခသည်များသည် မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ် အတွင်းရှိ မန်ပါတ်ကျေးရွာအုပ်စု ဘုန်းကြီးကျောင်းနှင့် လယ်ကြီး၊ အာသံ၊ သရက်တော၊ အုန်းကြောရွာဟောင်း၊ အုံဒုံးရွာနှင့် ကွမ်းတောအင်းကျေးရွာအသီးသီးသို့ လူဦးရေစုစုပေါင်း ၂၀၀ ခန့်သည် ၉-၂-၂၀၁၆ ရက်မှစ၍ အစုလိုက်အဖွဲ့လိုက် ပြောင်းရွှေ့ ခိုလှုံ နေထိုင်လျက်ရှိကြပါသည်။ ထိုအထဲတွင် ကလေး ၃၃ ဦးခန့် ပါဝင်ပြီး ၁၁ ဦးမှာ ကျောင်းသား/ကျောင်းသူများဖြစ်ကြောင်း သိရှိ ရ၍ မိုးဘုံကျေးရွာအုပ်စု အထက(ခွဲ)တွင် စတုတ္ထတန်းအတန်းတင် စာမေးပွဲကို ဝင်ရောက်ဖြေဆိုခွင့်များစီစဉ်ပေးခဲ့ရပြီးဖြစ်ပါသည်။

အဆိုပါရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲမြို့ဘုန်းကြီးကျောင်း ၁၉ ကျောင်း၊ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်အတွင်းရှိ ဘုန်းကြီးကျောင်း ၁ ကျောင်းနှင့် ကျေးရွာ ၆ ရွာတို့တွင်ရောက်ရှိ ခိုလှုံနေသော စစ်ဘေးရှောင်ပြည်သူများအပေါ် လူသားချင်းစာနာ ထောက်ထားလျက်လိုအပ်သည့်စားနပ်ရိက္ခာ၊ အဝတ်အထည်များကို ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးလျက်ရှိသည်ကို သတင်း၊ မီဒီယာ များမှတစ်ဆင့်ကြား သိနေရပါသည်။

သို့ဖြစ်ပါ၍ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့နယ်နှင့် မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်အတွင်းရှိ ဘုန်းကြီးကျောင်းများနှင့် ကျေးရွာများရှိ စစ်ဘေးရှောင်ပြည်သူများ၏ လတ်တလောကြုံတွေ့နေရသည့် အခက်အခဲပြဿနာများကို မိမိတို့တတ်နိုင်သည့်ဘက်မှ တစ်တပ်တစ်အားပါဝင် ကူညီဆောင်ရွက်သည့် အနေဖြင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက စုပေါင်းလှူဒါန်း ငွေအဖြစ် ကိုယ်စားလှယ်တစ်ဦးလျှင် နေ့တွက်စရိတ် တစ်ရက်စာ ၂၀၀၀၀ိ/- စီကိုလှူဒါန်းပေးကြပါရန် တိုက်တွန်းကြောင်း အရေးကြီးအဆို တင်သွင်းအပ်ပါသည်။အားလုံးကိုလေးစားပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဤအရေးကြီးအဆိုနဲ့စပ်လျဉ်းပြီး လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ရယူပါမယ်။ အရေးကြီး အဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်ကသဘောတူသည့်အတွက် အရေးကြီး အဆိုကို အတည်ပြုကြောင်းကြေညာပါတယ်။

အလှူငွေများကိုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးထံတွင် ထည့်ဝင်လှူဒါန်းနိုင်ပါတယ်။